# ဓမ္မခန္ဓာ (၁၁၀) အကူအညီ (အလ်–နဆ္ဂ္ဂရ္ဂ္ဂ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၁၄)၊ သုတ်ဒေသနာ (၃)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **إِذَا جَاء نَصْرُ اللَّهِ وَالْفَتْحُ**۞<br>ပရမတ်ဘုရားရှင်၏ အကူအညီနှင့် ထွက်ပေါက် ရောက်လာစေသောအခါ။ |
| ၂။ | **وَرَأَيْتَ النَّاسَ يَدْخُلُونَ فِي دِينِ اللَّهِ أَفْوَاجًا**۞<br>လူသားတို့သည် ပရမတ်ဘုရားရှင်၏ သာသနာတွင်းသို့ အုပ်စုလိုက် ဝင်လာကြသည်ကို သင် မြင်ရသောအခါ။ |
| ၃။ | **فَسَبِّحْ بِحَمْدِ رَبِّكَ وَاسْتَغْفِرْهُ إِنَّهُ كَانَ تَوَّابًا**۞<br>ကံကြမ္မာရှင်အား ရည်သန်စူးစိုက် ဦးထိပ်ထားလော့။ လွတ်ငြိမ်းဆုများပန်ကြလော့။ ကေန်ပင် အရှင်သည် သင်ပုန်းချေပေးသော အရှင် ဖြစ်၏။[၁၂၁၂] |

---

(၁၂၁၂) ဤဓမ္မခန္ဓာသည် နောက်ဆုံး အောင်ပွဲခံချိန်တွင်ပင် အောင်ပွဲခံသူတို့ အနေဖြင့် မောက်မာ မာန်တက်ခြင်း မရှိစေဘဲ–နှိမ့်ချခြင်း သဘော ရှိရမည့် အကြောင်း၊ အရာရာသည် ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းချက်အောက်၌သာ ရှိ၍– အစ္စလာမ် ဟူသည့် သာသနာသည်လည်း– လူတစ်ဦး တစ်ယောက်၏ ငါ့သာသနာ၊ ငါ့လမ်းစဉ်ဟု ကြုံးဝါးခွင့် မရှိစေဘဲ– ပရမတ်ဘုရားရှင်၏ သာသနာသာ ဖြစ်ကြောင်း ထိုပရမတ်ဘုရားရှင်သည် သိသူရော မသိသူရော အားလုံး၏ ဘုရားရှင်ဖြစ်၍– ထိုသာသနာသို့ လူသားများ ပိုမိုဝင်ရောက်လာလေလေ ပရမတ်ဘုရားရှင်ကိုသာ ဦးထိပ်ထားရမည့် အအကြောင်းများကို တိကျစွာ သွန်သင်ပေးသော ဓမ္မခန္ဓာ ဖြစ်ပေသည်။